## “ဒုတိယမြောက် မာသာထရီဇာ (သို့) မေတ္တာရှင် Dr. Levi Sap Nei Thang (I Love Myanmar) နှင့် အင်တာဗျူး”



ချင်းလူမျိုးအများစုသည် ချင်းလူမျိုးအတွက် ရပ်တည်သည်၊ ချစ်သည်၊ အလုပ်လုပ်သည်ဟု ပြောဆိုလေ့ရှိကြသည်။
သို့သော်ငြားလည်း အများစုသည် အကြောင်းတရားများသာ ပြောဆို ငြင်းခုံလေ့ရှိကြပြီး အမှန်တကယ် အကောင်အထည်ဖော်လာခြင်း မရှိပဲ လေနှင့်အတူ လွင့်ပျယ်သွားလေ့ရှိကြသည်။
လက်တွေ့အားဖြင့် အမှန်တကယ်အလုပ်လုပ်နေသူအဖြစ် Dr. Levi Sap Nei Thang သည် ရှားရှားပါးပါး ပုဂ္ဂိုလ်တဦးအဖြစ် သတ်မှတ်နိုင်သည်။
“ငါ့ညီတို့တွင် အငယ်ဆုံးသောသူအား ပြုသမျှတို့သည် ငါ့အားပြုကြပြီ” ဟူသော သမ္မာကျမ်းစာ၏လမ်းညွှန်မှုကို ခံယူကာ ယနေ့ ချင်းပြည်နယ်အပါအဝင် ဗမာပြည်နှင့် အာဖရိကနိုင်ငံ ဟေတီအထိ မေတ္တာပြလျက်ရှိသော Dr. Levi Sap Nei Thang (I Love Myanmar) နှင့် Chin World ( www.chinworld.info) အင်တာဗျူးခွင့် ရရှိခဲ့ပါသည်။

**CW**။ ။ လူအတော်များများက အမရဲ့ မေတ္တာလုပ်ငန်းကို တွေ့ကြတဲ့အခါမှာ– အမအပေါ် အထူးလေးစားကြတယ်။ ဒ့ါအပြင် အမက ချင်းလူမျိုးတခုတည်းအတွက်သာလျှင်မဟုတ်ပဲ ဗမာပြည်အတိုင်းအတာအနေနဲ့၊ ဒါတင်မကသေးပဲ ဟေတီနိုင်ငံက မြေငလျင်ဒုက္ခသည်တွေကိုလည်း ကူညီတာ တွေ့ရတယ်။ အတော်များများက global commitment or “a true lover of humankind working at all level” ဆိုပြီး အမနဲ့ ပတ်သက်ပြီး အပြင်မှာ ပြောဆိုနေတာတွေကိုလည်း ကျနော်တို့ သိရပါတယ်။ အမအနေနဲ့ကော ကိုယ့်ကိုယ်ကို ဘယ်လို သတ်မှတ်ပါသလဲ။

**ILM**။ ။ ကျမကိုယ်ကျမ သခင်ယေရှုခရစ်ရဲ့ နောက်လိုက် တပည့်တော်တဦးအဖြစ် ယူဆပါတယ်။ သခင်ယေရှုဟာ လူမျိုးတိုင်းကို ချစ်မေတ္တာရှိသူ တဦးဖြစ်သလို၊ ကျမလည်း အဲဒီ နှလုံးသား ရရှိသူတဦးဖြစ်မယ် ထင်ပါတယ်။

**CW**။ ။ ချင်းလူမျိုးများဟာ မြို့နယ်စွဲ၊ ဒေသစွဲ၊ လူမျိုးစုစွဲပြင်းထန်တဲ့ ကျဉ်းမြောင်းတဲ့ အမျိုးသားရေးစိတ်ဓါတ်ရှိသူ အတော်များပါတယ်။ ဒါပေမယ့်– အမဟာ “We are one in Chin” ဆိုတဲ့ စိတ်ဓါတ်ရှိပြီး လုပ်ကိုင်နေတာဟာ ဥပမာကောင်းတခု ဖြစ်တယ်လို့ ကျနော်တို့ယူဆပါတယ်။ အမအနေနဲ့ကော ချင်းလူမျိုးများ တလုံးတဝတည်း ပိုမိုဖြစ်ရေးအတွက် ဘယ်လို စေ့စော်မှုမျိုး ရှိပါသလဲ။

**ILM** ။ ။ ကျမက ချင်းပြည်မှာ မွေးဖွားခဲ့ပေမယ့် ချင်းပြည်မှာ မကြီးပြင်းခဲ့ပါဘူး။ ဒါကြောင့် တောင်ပိုင်းချင်းပြည် အကြောင်း ဆိုရင် သိပ်မသိခဲ့ဘူး။ ကျမသိတာက– ဖလမ်း၊ ဟားခါး နဲ့ တီးတိန် နယ်အကြောင်းတွေလောက်ပဲ ဖြစ်တယ်။

www.chinworld.info

ချင်းလူမျိုးတွေဟာ ဆင်းရဲလွန်းလို့လားတော့ မသိဘူး၊ မျိုးနွယ်စွဲ စိတ်ဓါတ်နဲ့ ကျမတို့အကြားမှာ– အဆင်မပြေမှုလေးတွေ အများကြီးရှိပါတယ်။ ဘုရားသခင်ယုံကြည်သူလို့ ပြောနေကြပေမယ့် တဦးနှင့်တဦး အကြားမှာ– အထစ်အငေါ့လေးတွေရှိနေပါတယ်။ ဟားခါးနယ်တိုးတက်တယ်ဆိုရင် တခြားနယ်ကလူတွေက မကြိုက်သလိုလိုဖြစ်တယ်။ ထို့အတူပဲ ဖလမ်းနယ် တိုးတက်တယ်ဆိုရင်လည်း အခြားနယ်ကလူတွေက မနာလိုသလိုမျိုးဖြစ်ပြန်တယ်။ ဒီလိုမျိုးစိတ်ဓါတ်နဲ့တော့ ဘယ်မြို့မှ တိုးတက်မှာ မဟုတ်ပါဘူး။

ဒါကြောင့် ကျမစိတ်ထဲမှာ– ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ပလက်ဝ၊ ကန်ပက်လက် အားလုံးအတူတကွ တနေရာတည်းမှာ ဘယ်လို အတူတကွ အလုပ်လုပ်နိုင်မလဲဆိုတာကို စဉ်းစားပါတယ်။ အဲဒီလိုနဲ့ ကျမရဲ့ စိတ်ဆန္ဒကို ဘုရားသခင်က ကောင်းကြီးပေးပါတယ်။ ဒီလိုနဲ့ ချင်းပြည်ကို ကျမ သွားခဲ့တယ်။ မြောက်ပိုင်း တောင်ပိုင်းအားလုံး ကျမ ရောက်ခဲ့ပါတယ်။

ဒီလိုနဲ့ ဟားခါကို ပထမဆုံးကျမ ရောက်သွားတဲ့အခါတုန်းက ကျမသမီးလေး ခေါ်တော်မူခြင်းခံရတဲ့အချိန်ဖြစ်ပါတယ်။ သမီးလေးခေါ်တော်မူခြင်း ခံရတဲ့အချိန်ကြီးမှာ– ပြည်ပမှာရှိတဲ့ ဟားခါးနယ်သားတွေကနေ ကျမကို တိုက်ခတ်တဲ့စာတွေကို ပို့ကြတယ်။ တချို့ဆိုရင် ရင့်သီးတဲ့ အသုံးအနှုန်းတွေကိုတောင်မှ သုံးကြတယ်။ ဒါပေမယ့်လည်း ဘုရားသခင်ရဲ့ ချစ်ခြင်း မေတ္တာနဲ့ စည်းလုံးညီညွတ်ရေး ဆိုတဲ့စိတ်ကို ထားပြီး သမီးငယ်ကွယ်လွန်ပြီး (၃) လအကြာမှာ ဟားခါးကို လမ်းများ ပြုလုပ်ရန်အတွက် ကျမထပ်သွားတဲ့အခါ လူတွေအတော်အံ့ဩကြတယ်။

ဟားခါးမြို့က တချို့လူတွေရဲ့ ပြောပြသလိုဆိုရင် *"ဖလမ်းမြို့မှာ ခွေးတောင့်ဝင်ပါ၊ ဟားခါးနယ်သားတော့ မဝင်စေနဲ့"* လို့ ပြောကြတယ်ဆို။ အခုတော့ ဖလမ်းနယ်သားက ငါတို့ရဲ့ အခက်အခဲဒုက္ခတွေကို လာရောက် ကူညီမေတ္တာပြပါလားဆိုပြီး ဝမ်းမြောက်စွာနဲ့ ပြောကြတယ်။ ကျမ ဘာသမိုင်းကြောင်းကိုမှ မသိပါဘူး၊ ချင်းလူမျိုးများ အားလုံးအတွက်ဆိုတဲ့ စိတ်ဆန္ဒရှိပြီး အလုပ်လုပ်ချင်သူတဦးမျှသာဖြစ်ပါတယ်။ တချို့လူတွေကတော့– ဖလမ်းနယ်သားက ဟားခါးနယ်အတွက် ဘာလို့အကျိုးတရားတွေကိုသွားလုပ်နေပါလားဆိုပြီး အံ့ဩမှင်သက်နိုင်သလို တချို့လည်း စိတ်နှလုံး ကို ဖမ်းယူနိုင်ပါတယ်။

ကိုယ့်လူမျိုးကို ချစ်လွန်းတဲ့စိတ်နဲ့ သွားနေတဲ့အချိန်– သမီးကွယ်လွန်တဲ့အချိန်မှာ နှစ်သိမ့်အားပေးခြင်းမျိုး မဟုတ်လေပဲ၊ ပြည်ပမှာနေတဲ့ ချင်းလူမျိုးတချို့ဆီကနေ တိုက်ခိုက်ရှုတ်ချတဲ့ အီးမေးလ်စာတွေ ရရှိပေမယ့် ခွင့်လွှတ်ခြင်းစိတ်နဲ့ တိုင်းပြည် နဲ့လူမျိုး စည်းလုံးညီညွတ်ရေးကို စိတ်မူပြီး ဟားခါးကို ထပ်မံသွားခဲ့တာဟာ ပြန်စဉ်းစားကြည့်တော့ ဘုရားသခင် ကျမ စိတ်နှလုံးထဲမှာရှိတယ်ဆိုတာ ကျမခံစားရတယ်။ ဘုရားသခင် မပါပဲ လူတဦးရဲ့ စိတ်ဓါတ်ခွန်အားနဲ့ဆိုရင် အင်မတန်မှခက်ခဲမှာဖြစ်တယ်။ ဟားခါးမြို့ခံလူကြီးသူမများနဲ့ ဟားခါးမြို့မှာနေထိုင်တဲ့သူများဟာ အင်မတန်မှ နှစ်လိုဖွယ်ကောင်းတဲ့သူများ ဖြစ်တယ်။ ညှော့ဝတ်ကျေပွန်ကြပြီး သူတပါးအပေါ်မှာ ချစ်ခင်တတ်ကြသူများဖြစ်ကြတယ်။

ဖလမ်းနယ်သားဖြစ်ပေမယ့် ဖလမ်းမှာတောင် ကျမမနေဖူးပေမယ့် တောင်ပိုင်း ချင်းညီအကိုများကို သွားရောက်ကြည့်ရှုတယ်ဆိုတာ ချစ်ခြင်းမေတ္တာကို ပိုမိုခိုင်မာပေါ်လွင်စေပါတယ်။ ငွေကြေးနဲ့ပစ္စည်းဥစ္စာ ကူညီခြင်းဟာ အရေးကြီးပေမယ့် ချစ်ခြင်းမေတ္တာကို သူတို့တွေ့မြင်နိုင်ဖို့က ပိုအရေးကြီးပါတယ်။ ချင်းလူမျိုးတလုံးတဝတည်းဖြစ်တယ်ဆိုတာကို ပိုမိုထင်ရှားစွာခံစားသိရှိစေတယ်လို့ ကျမခံစားရပါတယ်။ ကျမကိုယ်တိုင်လည်း တောင်ပိုင်း ချင်းလူမျိုး အကြောင်း မသိခဲ့ပေမယ့် ကျမ ကိုယ်တိုင် သွားတွေ့တဲ့အခါမှာ တဝမ်းတည်းဖြစ်တယ်ဆိုတာကို ပိုပိုသိလာရပါတယ်။

တီးတိန်နယ်ကိုသွားလည်တုန်းက အသံမပီမသနဲ့ တီးတိန်နယ်စကားကို ပြောတဲ့အခါမှာ လာရောက်တဲ့သူတွေက ဝမ်းသာစွာနဲ့ ကျမရဲ့ မပီကလာတီးတိန်စကားကို ဟာသလုပ်ပြီးပျော်ခဲ့ကြတယ်။ မိဇိုဘုရားကျောင်းသွားတုန်းကလည်း မိဇိုစကားပြောရင်းနဲ့ တတ်သမျှမိဇိုစကားကုန်သွားတဲ့အခါမှာ ကျမတို့အားလုံးရယ်ကြတယ်။ ဒါကြောင့် ကျမအတွက်တော့ တီးတိန်၊ ဟားခါး၊ မင်းတပ် ဆိုပြီး ခြားနားပြောင်းလဲသွားတာ မရှိပါဘူး။

CW॥ ॥ အမရဲ့ မေတ္တာလုပ်ငန်းကို ချင်းလူမျိုးအများကြီးက အားပေးကူညီကြတယ်။ ဂုဏ်ယူကြတယ်လို့ ကျနော်တို့ သိရတယ်။ အဲဒီလိုပဲ ချင်းလူမျိုးထဲမှာ အမနဲ့ အမရဲ့မေတ္တာလုပ်ငန်းကို အကောင်းမမြင်ပြီး ဆန့်ကျင်ကန့်ကွက်နေကြတဲ့ သူတွေလည်း ရှိတယ်လို့ သိရတယ်။ အဲဒီသူများအပေါ်မှာ အမဘယ်လို တုန့်ပြန်ချင်ပါသလဲ။

ILM ॥ ॥ ဟားခါးပထမဆုံးအကြိမ်သွားတုန်းက နိုင်ငံခြားမှာနေနေတဲ့ အချို့အချို့ဆီကနေ ရင့်သီးတဲ့အသုံးအနှုန်းတွေနဲ့ တိုက်ခတ်တဲ့ စာတွေ၊ ပျက်ရယ်ပြုတဲ့စာတွေကို ကျမရခဲ့တယ်။ သမီးငယ်ကွယ်လွန်ခါစဖြစ်တော့ ကျမအနေနဲ့

www.chinworld.info

ပိုခံစားပေမယ့် ကျမကို ကောင်းကောင်းမသိကြလို့ ဖြစ်မှာပါဆိုပြီး ဥပက္ခာပြုပါတယ်။ ကိုယ့်လူမျိုးကို ကူညီဖို့ သွားနေတုန်း သမီးကွယ်လွန်ချိန်မှာ ပျက်ရယ်ပြုနိုင်ကြတာဟာ လူကော ဟုတ်ရဲ့လားဆိုပြီး ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာနဲ့ ဥပက္ခာပြုလိုက်မယ်ဆိုရင်လည်း သူတို့မှန်ကန်တယ်လို့ယူဆနေမယ်လို့ကျမတွေးခဲ့တယ်။ ဒါကြောင့်တခါတော့ ကျမထုတ်ဖော်ပြောဖြစ်ခဲ့ပြီးပြီဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။

**CW။** ။ ချင်းလူမျိုးတခုတည်းမဟုတ်ပဲ ကရင်၊ ဗမာ စသည်ဖြင့် ကူညီပံ့ပိုးနေတယ်ဆိုတော့ အမတို့ရဲ့ ဦးတည်တဲ့ ဒေသ (သို့) ဦးစားပေးတဲ့ ဒေသရှိသလား။

**ILM ။** ။ ချင်းပြည်တခုတည်းမဟုတ်၊ ဗမာပြည်တခုတည်းမဟုတ်၊ အိန္ဒိယ၊ အာဖရိက၊ ဟေတီ၊ အစ္စရေးလ် စသည်ဖြင့် တကမ္ဘာလုံးနေရာအနှံ့ ကူညီလုပ်ကိုင်သွားဖို့ ရည်ရွယ်ပါတယ်။

**CW။** ။ အမတို့အနေနဲ့ ဖလမ်းကောလိပ်၊ ကန်ပက်လက်ကောလိပ်နဲ့ ချင်းပြည်မှာ လေယာဉ်ပျံကွင်းတွေပြုလုပ်ဖို့ အစီအစဉ်ရှိတယ်လို့ ပြောနေကြတယ်။ ဒါဟာတကယ်ပဲလား။ အစိုးရဆီမှာကော ခွင့်ပြုချက်တောင်းပြီးပြီပြီ လား။ အစိုးရဖက်ကကော ဘယ်လိုတုန့်ပြန်ပါသလဲ။

**ILM ။** ။ ကောလိပ်နဲ့ပတ်သက်လို့ ကျမခွင့်ပြုချက် တောင်းခဲ့ပါတယ်။ အိန္ဒိယ–မြန်မာနယ်စပ်ကုန်သွယ်ရေး ဖွင့်လှစ်နိုင် အောင် အရင်စီစဉ်ပါ၊ ပညာရေးကတော့ အဲဒီအပြီးမှာလို့ပြောပါတယ်။ စီးပွားရေးလမ်းကြောင်းဖွင့်လှစ်နိုင်ပြီ ဆိုရင်တော့ ချင်းလူမျိုးတွေ ရှင်သန်ရပ်တည်ဖို့ ပိုမိုအသက်ရှုချောင်လာမှာဖြစ်တယ်။ ချင်းလူမျိုးတွေ စားရေး သောက်ရေးနဲ့ အသက်ရှုပိုမို ချောင်လည်ဖို့အတွက် လမ်းတွေအရင်လုပ်ပါလို့ ကျမကိုပြောပါတယ်။ ဒါပေမယ့် လမ်းတွေပြုလုပ်နေတဲ့အချိန်တွေမှာလည်း ပညာရေး အတွက် လိုအပ်သလို ပြုလုပ်နေရမှာလည်း ဖြစ်ပါတယ်။ ကောလိပ်တခုဆောက်ဖို့ ဆိုရင်လည်း (၃) နှစ် စီမံကိန်းလိုမျိုးနဲ့ ပြင်ဆင်ပြုလုပ်ဖို့လိုပါတယ်။ လေယာဉ်ပျံကွင်း အတွက်နေရာရှိတယ်၊ရှိခဲ့တယ်လို့ ကျမကိုပြောကြပေမယ့် တခါမှ ကျမ သွားမကြည့်ဖြစ်သေးဘူး။ ဒီကိစ္စနဲ့ ပတ်သက်လို့ အထူးပြောစရာမရှိသေးပါဘူး။

**CW ။** ။ ချင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမတို့ရဲ့ ရည်ရွယ်ချက် ပန်းတိုင်က ဘာပါလဲ။

**ILM ။** ။ အဲဒီလိုပြောဖို့ကတော့ ခက်ပါတယ်။ ကျမက အလုပ်အရင်လုပ်ပြီးမှ ပြောလေ့ရှိတဲ့လူမျိုးဖြစ်တယ်။ အခု တလောတော့ အင်တာဗျူးတွေ မကြာခဏ အမေးခံရတော့ အလုပ်မတိုင်ခင် ပြောနေရလေ့ရှိတယ်။

**CW ။** ။ တချို့က အမကို အခု ၂၀၁၀ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်ဝင်ရောက် ယှဉ်ပြိုင်အရွေးခံလိမ့် မယ်လို့ပြောနေကြတော့၊ ပါတီတည်ထောင်ပြီး ကိုယ်စားလှယ်လောင်းအနေနဲ့ ဝင်ပြိုင်ဖို့အစီအစဉ်ရှိပါသ လား။

**ILM ။** ။ ချင်းလူမျိုးတွေက ဟိုဟိုဒီဒီပြောတာမျိုး ဝါသနာပါလွန်းလို့နဲ့ ဖြစ်စေချင်တဲ့ဆန္ဒကြောင့် ပြောကြတယ်လို့ ထင် ပါတယ်။ လူတွေကျမကို ကြည့်မြင်တာ မြင့်တဲ့အတွက် ဝမ်းသာပါတယ်။ တကယ်တမ်းတော့ ကျမက ဘာမှ မသိတဲ့ လူသာမည သာလျှင် ဖြစ်ပါတယ်။ ဘုရားသခင်ကို ချစ်ကြောက်ရိုသေတဲ့အတွက် ဘုရားသခင်ရဲ့ ချီးမြှောက်ခြင်းကို ခံရယုံပါပဲ။ ရွေးကောက်ပွဲဆိုတာ ကျမရဲ့ အသိပညာနဲ့ လက်လှမ်းမမှီပါဘူး။

**CW ။** ။ ချင်းလူမျိုးတွေ ဘုံစကား တခုရှိဖို့ရန်အတွက် လုပ်ဖို့ အစီအစဉ်ရှိပါသလား။

**ILM ။** ။ မရှိပါဘူး။ တောင်ပိုင်းဖက်က ချင်းစကားတွေဆိုရင် ကျမလုံးဝကို မသိ နားမလည်ပါဘူး။ ဗမာစကားနဲ့ပဲ သူတို့ ကို စကား ပြောရတယ်။ ချင်းဘုံစကားတခုသုံးရအောင် ဆိုပြီး လုပ်လို့ မရနိုင်ပါဘူး။

**CW ။** ။ အခုတလော ပြည်တွင်း/ပြည်ပ အမရဲ့ လုပ်ကိုင်နေမှုတွေ၊ ခရီးထွက်မယ့် ကိစ္စတွေကို သိပါရစေ။

**ILM ။** ။ ဗမာပြည်တွင်းမှာ အခုတလော ကျမတို့လုပ်နေတာကတော့ (၁) ရောဝတီတိုင်းမှာ ကျောင်း (၁၀) ကျောင်း ဆောက်ဖို့ ရှိတယ်။ (၂) ချင်းတောင်မှာ သစ်ပင်တွေကို စတင်စိုက်ပျိုးနေတယ်။ (၃) အိန္ဒိယ–မြန်မာ နယ်စပ် ကုန်သွယ်ရေးအတွက် လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။

အခုနှစ်ထဲမှာ မိသားစုအနေနဲ့ ခရီးထွက်ဖို့တွေကတော့– ဇွန်လမှာ ဟေတီ၊ ဇူလိုင်မှာ မြန်မာနှင့် အာရှနိုင်ငံ များ နဲ့ အီကွေဒေါ၊ စက်တင်ဘာမှာ အစ္စရေးလ်နဲ့ အရှေ့အလည်ပိုင်းနဲ့ မြန်မာပြည်၊ အောက်တိုဘာမှာ ဥရောပ နဲ့ နိုဝင်ဘာမှာ အိန္ဒိယနိုင်ငံတွေ ဖြစ်ပါတယ်။

www.chinworld.info

CW ။ ။ I Love Myanmar Foundation အနေနဲ့ ရှေ့ဆက်ခရီးမှာ ဘယ်လို ဆက်လက်လုပ်ကိုင်သွားဖို့ အစီအစဉ် ရှိပါ သလဲ။

ILM ။ ။ အစကတည်းကနေ ဘယ်လို၊ ဘယ်လိုလုပ်ကြမယ်ဆိုပြီး Planning ရှိကြတာတော့မဟုတ်ပါဘူး။ ဘုရားသခင် လမ်းပြ ကူညီမှုများကနေ ဆက်လက်လုပ်ဆောင်နေကြတာဖြစ်တယ်။ ရှေ့ဆက်ခရီးမှာလည်း ဘာလုပ်မယ်၊ ညာလုပ်မယ်ဆိုပြီး တော့ မရှိပါဘူး။ "I Love Myanmar" ဆိုတဲ့ နာမည်လေးက လူတွေရဲ့ စိတ်ကို ဖမ်းစားနိုင်ပြီး ကိုယ့်တိုင်းပြည်နဲ့ လူမျိုးကို ချစ်ရမယ်ဆိုတာ လူအများကြီးရဲ့ စိတ်နှလုံးကို ရိုက်ခတ်စေတာလေးကိုက ကျမ အင်မတန်မှ ကျေနပ်ဝမ်းသာ ပါတယ်။

CW။ ။ ချင်းပြည်ရဲ့ ပညာရေးအဆင့်အတန်းကို မြင့်တင်ဖို့ရန် အစီအစဉ်ရှိတယ်လို့ သိရပါတယ်။ ဘယ်အပိုင်းကို များလဲ။ ဘယ်လိုမျိုး မြင့်တင်မလဲ။

ILM ။ ။ ကျောင်းအားလုံးကိုလည်း အသစ်ပြန်ဆောက်နိုင်ပြီး၊ ဆရာ/ဆရာမတွေရဲ့ လခကိုလည်း ပိုပေးနိုင်ပြီး၊ ကျောင်းသားတွေ အတွက် Computer Center, English Missionary ဆိုပြီး အင်္ဂလိပ်စကားကို အချိန်ပြည့် သင်ယူနိုင်ကြဖို့ လုပ်ပေးချင်တဲ့ စိတ်ဆန္ဒရှိပါတယ်။

CW ။ ။ ချင်းဝေါလ် ပရိတ်သတ်များကို ပြောချင်တာများရှိပါသလား။

ILM။ ။ ကျမတို့ကို ကယ်တင်တဲ့ ဘုရားသခင်ကို ကျမတို့ ပိုပိုချစ်လာနိုင်တဲ့အခါ၊ ကျမတို့ တိုင်းပြည်နဲ့ လူမျိုးကို ပိုမိုချစ်တတ် လာပါမယ်။

CW။ ။ အခုလိုမျိုး အချိန်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

ILM ။ ။ စိတ်ရှည်စွာနဲ့ ယခုလောက် အချိန်စောင့်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

(စကားချပ်။ ။ I Love Myanmar ၏ အင်တာနက်စာမျက်နှာဖြစ်သော www.ilovemyanmar.org တွင်လည်း သွားရောက်လေ့လာနိုင်သည်။ အယ်ဒီတာ)

* * * * * * * * * * * * * *

www.chinworld.info